# သမ္မာကျမ်းပုံဝတ္ထုများ

Rev. Dr. Lal Sawi Thanga

**Sandra Greenfield** ***and*** **Ardis Koeller**

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ဒံယေလသည် အားလုံးထက် ဘုရားသခင်ကို အချစ်ဆုံးဖြစ်သည်<br>*ဒံယေလ ၆း ၁ – ၂၃* | ၂ |
| ၂။ လူတစ်ယောက်တည်းသာလျှင် ယေရှုအား ကျေးဇူးတင်သည်ဟု ပြောသည်<br>*လုကာ ၁၇း ၁၁ – ၁၉* | ၄ |
| ၃။ မာရိသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်သည်<br>*လုကာ ၁၀း ၃၈ – ၄၂* | ၆ |
| ၄။ ယေရှုသည် မာရိနှင့် ယောသပ်၏စကားကို နားထောင်သည်<br>*လုကာ ၂း ၄၁ – ၅၂* | ၈ |
| ၅။ ကောင်းသောရှမာရိသည် ထိခိုက်နာကျင်သောသူတစ်ယောက်အား ကူညီသည်<br>*လုကာ ၁၀း ၂၅ – ၃၇* | ၁၀ |
| ၆။ ယောသပ်သည် ဘုရားသခင်၏စကားကို နားထောင်ပြီး အပြစ်မှရှောင်လွှဲသည်<br>*ကမ္ဘာဦးကျမ်း ၃၉* | ၁၂ |
| ၇။ ဇက္ခဲသည် ယေရှု၏ မေတ္တာတော်ကို သိရှိလာသည်<br>*လုကာ ၁၉း ၁ – ၁၀* | ၁၄ |
| ၈။ ယေရှုသည် သူ၏ရန်သူများအတွက် ဆုတောင်းပေးသည်<br>*မာကု ၁၄း ၅၃ – ၆၅ ၊ ၁၅း ၁ – ၁၅ ။ လုကာ ၂၃း ၃၃ – ၃၄ ။* | ၁၆ |
| ၉။ အာဟပ်မင်းသည် နာဗုတ်၏ဥယျာဉ်ကို သူ့အတွက် လိုချင်သည်<br>*၁ ဓမ္မရာဇဝင် ၂၁ း ၁ – ၁၆* | ၁၈ |
| ၁၀။ ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းသည်<br>*ကမ္ဘာဦးကျမ်း ၁ ၊ ၂* | ၂၀ |
| ၁၁။ ကျွန်ုပ်တို့ကို ကယ်တင်ရန် ဘုရားသခင် စီစဉ်တော်မူသည်<br>*ကမ္ဘာဦးကျမ်း ၃* | ၂၂ |
| ၁၂။ အာဒံနှင့်ဧဝသည် အပြစ်ကျူးလွန်ပြီးနောက် ဘုရားသခင်သည် သူတို့အား စောင့်ရှောက်တော်မူသည်<br>*ကမ္ဘာဦးကျမ်း ၃း ၁၅ – ၄၂* | ၂၄ |
| ၁၃။ နောဧသည် ဘုရားသခင်ကို ကျေးဇူးတင်သည်<br>*ကမ္ဘာဦးကျမ်း ၅း ၁ – ၉း ၁၇* | ၂၆ |
| ၁၄။ ယေရှု ဖွားတော်မူပြီ<br>*မာကု ၁း ၁၈ – ၂၅ ။ လုကာ ၂း ၁ – ၂၀ ။* | ၂၈ |
| ၁၅။ ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် ပေးဆပ်ရန် ဝေဒနာခံစားပြီး အသေခံသည်<br>*မဿဲ ၂၇း ၃၁ – ၆၆ ။ မာကု ၁၅း ၂၀ – ၄၇ ။ လုကာ ၂၃း ၂၆ – ၅၆ ။ ယောဟန် ၁၉း ၁၇ – ၄၂ ။* | ၃၀ |
| ၁၆။ ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး ကောင်းကင်ဘုံသို့ ပြန်၍ ကြွမြန်းသွားသည်<br>*မဿဲ ၂၈း ၁ – ၁၀ ။ လုကာ ၂၄း ၁ – ၈ ၊ ၅၀ – ၅၃ ။ တမန်တော် ၁း ၉ – ၁၁ ။* | ၃၂ |
| ၁၇။ ယေရှုသည် ကမ္ဘာလောကသို့ တရားစီရင်ရန် ပြန်၍ ကြွလာတော်မူဦးမည်<br>*မဿဲ ၂၅း ၃၁ – ၄၆ ။ ရောမ ၈း ၃၄ ။ ၂ တိမောသေ ၄း ၁၈ ။* | ၃၄ |

၁၈။ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူသည် ၃၆
*တမန်တော် ၁း ၈ - ၁၁ ၊ ၂*

၁၉။ အဲသယောပိပြည်မှ လူတစ်ယောက်ထံသို့ ဖိလိပ္ပုအား ဘုရားသခင် စေလွှတ်တော်မူသည် ၃၈
*တမန်တော် ၈း ၂၆ - ၃၉*

၂၀။ သန့်ရှင်းသော ခရစ်ယာန်အသင်းတော်သည် ကြီးထွားလာသည် ၄၀
*တမန်တော် ၂*

၂၁။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများကို သွန်သင်ရန် ကြွလာတော်မူမည် ၄၂
*ယောဟန် ၁၄း ၁၅ - ၃၁*

၂၂။ ယေရှုသည် ကျွန်ုပ်တို့အား မည်ကဲ့သို့ ဆုတောင်းရမည်ကို သင်ပေးသည် ၄၄
*မဿဲ ၆း ၅ - ၁၅ ။ လုကာ ၁၁း ၁ - ၄ ။*

၂၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သတိရရန် ပေါလုက တိမောသေကို ပြောသည် ၄၆
*တိမောသေ ၁ ၊ ၂*

၂၄။ အိန္ဒြေ နှင့် ဖိလိပ္ပုသည် ယေရှုအကြောင်းသိပြီး အခြားသူများကို ပြောပြသည် ၄၈
*ယောဟန် ၁း ၂၉ - ၅၀*

၂၅။ ယောနသည် ဘုရားသခင်ပြောသောအရာကို လုပ်ဆောင်ရန် နားလည်လာသည် ၅၀
*ယောန ၁ - ၃*

၂၆။ ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သမျှ အရာအားလုံးကို ပေးတော်မူသည် ၅၂
*မဿဲ ၆း ၂၅ - ၃၄ ။ လုကာ ၁၂း ၂၂ - ၃၄ ။*

၂၇။ ယောသပ်သည် သူ၏အစ်ကိုများကို ခွင့်လွှတ်သည် ၅၄
*ကမ္ဘာဦးကျမ်း ၃၇ ၊ ၄၅း ၁ - ၁၄*


၂၈။ မာရ်နတ်သည် ယေရှုအား အပြစ်ကျူးလွန်ရန် သွေးဆောင်သည် ၅၆
*မဿဲ ၄း ၁ - ၁၁ ။ လုကာ ၄း ၁ - ၁၃ ။*

၂၉။ ဘုရားသခင်သည် ပေါလုနှင့် သီလအား ထောင်ထဲတွင် စောင့်ရှောက်တော်မူသည် ၅၈
*တမန်တော် ၁၆း ၁၆ - ၄၀*

၃၀။ ယေရှုသည် ဗတ္တိဇံမင်္ဂလာကို ခံယူသည် ၆၀
*မဿဲ ၃း ၁၃ - ၁၇ ။ မာကု ၁း ၉ - ၁၁ ။ လုကာ ၂၁း ၂၂ ။*

၃၁။ ယေရှုသည် သူ၏တပည့်မိတ်ဆွေများအား သခင်ဘုရား၏ ညစာစားပွဲကို ပေးတော်မူသည် ၆၂
*မဿဲ ၂၆း ၁၇ - ၂၉ ။ မာကု ၁၄း ၂၂ - ၂၆ ။*

၃၂။ သားတစ်ယောက်က သူအပြစ်ပြုခဲ့မိကြောင်း ဖခင်အားပြောသည် ၆၄
*လုကာ ၁၅း ၁၁ - ၂၄ ၊ ၃၂ ။*



ရှင်ဘုရင်က  မည်သို့ပင်စည်းကမ်းချက်ထုတ်ပြန်သော်လည်း  ဒံယေလသည်ဘုရားသခင်ထံဆုတောင်းခြင်းကို  ရပ်မထားပါ။

ကျွန်ုပ်တို့သည် မည်သည့်အရာကိုလုပ်ဆောင်ရန်၊ မည်သည့်အရာကိုရှောင်ရန် အလိုတော်ကို ဖော်ပြဘို့အတွက် ဘုရားသခင်သည် ပညတ်တော် ဆယ်ပါးကို ကျွန်ုပ်တို့အားပေးခဲ့သည်။ ပထမပညတ်တော်သည် ဘုရားသခင်အား အခြားမည်သည့်အရာထက်မဆို ပို၍ချစ်ရန် အလိုတော်ရှိကြောင်းကို ဖော်ပြထားသည်။ ဤသမ္မာကျမ်းသင်ခန်းစာ၌ ဒံယေလက ဘုရားသခင်ကိုချစ်၍ ဘုရားသခင်မည်ကဲ့သို့ကူညီခဲ့ကြောင်း ဖော်ပြသည်။

## ဒံယေလသည် အားလုံးထက် ဘုရားသခင်ကို အချစ်ဆုံးဖြစ်သည်

*ဒံယေလ ၆း ၁ - ၂၃*

ဒံယေလသည် ဘုရားသခင်ကို အလွန်ချစ်သည်။ သူသည် ဇာတိမြေနှင့် ဝေးကွာလှသော သူစိမ်းနိုင်ငံတွင် နေထိုင်ခဲ့သည်။ နေ့စဉ် ဒံယေလသည် ဒူးထောက်ပြီး ဆုတောင်းလေ့ရှိသည်။

ဒံယေလသည် ရှင်ဘုရင်ထံတွင်  အမှုထမ်းခဲ့သည်။ ဘုရင်သည် ဒံယေလအား အရေးပါဆုံးသော မင်းမှုထမ်းအဖြစ် ခန့်အပ်လိုသည်။ သို့သော် ကျန်သောမင်းမှုထမ်းများက မလိုလားကြပေ။

ကောက်ကျစ်သောမင်းမှုထမ်းများသည် ဒံယေလကိုဖယ်ရှားရန် အကြံထုတ်ကြသည်။ ဒံယေလသည် နေ့စဉ်ဘုရားသခင်ထံ မည်သို့ ဆုတောင်းသည်ကို သူတို့သိကြသည်။ သူတို့သည် ဘုရင်ထံသွား၍ ''လူတိုင်းသည် ရက်သုံးဆယ်အတွင်းတွင် အရှင်မင်းကြီးထံသာ ဆုတောင်း သင့်သည်ဟု ကျွန်ုပ်တို့ထင်ပါသည်။ တစ်စုံတစ်ယောက်သည် အခြားသူထံဆုတောင်းလျှင် ထိုသူအား ဆာလောင်သောခြင်္သေ့များရှိသည့် ခြင်္သေ့ဂူထဲသို့ ထည့်သင့်သည်''ဟုလျှောက်တင်ကြသည်။ ဘုရင်ကြီးသည် ဤအကြံကောင်းသည်ဟု ထင်သောကြောင့် ၎င်းစည်းကမ်းချက်ကို ထုတ်ပြန်လိုက်သည်။


ဒံယေလသည် ဘုရင်၏စည်းကမ်းကို သိသည်။ ဆာလောင်သော ခြင်္သေ့များအကြောင်းကို သူသိသည်။ သို့သော် ဒံယေလသည် ဘုရားသခင် ထံဆုတောင်းခြင်းကို ရပ်မထားပါ။ ခါတိုင်းကဲ့သို့ပင် သူသည် ဒူးထောက်ဆုတောင်းကာ ဘုရားသခင်အား ကျေးဇူးတော်ကို ချီးမွမ်းသည်။

ကောက်ကျစ်သော မင်းမှုထမ်းများသည် ဘုရင်ကြီးထံပြေး၍ ပြောကြသည်။ ဘုရင်ကြီးမှာ ဝမ်းနည်းမိသည်။ သူသည် ဒံယေလကို အန္တရာယ် ကင်းစေလိုသော်လည်း စည်းကမ်းချက်ကို ပြင်၍မရပေ။

ဒံယေလသည် ဆာလောင်သော ခြင်္သေ့များရှိရာသို့ ပစ်ချခြင်း ခံခဲ့ရသည်။ ရှင်ဘုရင်သည် ဝမ်းနည်းလွန်းသောကြောင့် စား၍ မဝင်နိုင်ပါ။ တစ်ညလုံးလည်း အိပ်မပျော်နိုင်ပါ။ နောက်တစ်နေ့ နံနက်စောစောတွင် ဘုရင်ကြီးသည် ခြင်္သေ့တွင်းသို့ အလျင်အမြန်ပြေး၍ ''အို၊ ဒံယေလ၊ မင်းရဲ့ ဘုရားသခင် မင်းကို ခြင်္သေ့တွေကနေ ကယ်မခဲ့ပြီလား''ဟု ခေါ်၍မေးခဲ့သည်။

ထို့နောက် ဘုရင်ကြီးသည် ဒံယေလထံမှ ''အို၊ အရှင်မင်းကြီး၊ ကျွန်ုပ်၏ ဘုရားသခင်သည် ကောင်းကင်တမန်အား စေလွှတ်ပြီး၊  ခြင်္သေ့များ၏ နှုတ်များကို ပိတ်ထားသည်။ ခြင်္သေ့များ ကျွန်ုပ်ကို အန္တရာယ်မပြုပါ''ဟု ပြန်ဖြေသံကို ကြားရသည်။

ဘုရင်ကြီးသည် ဒံယေလအား ခြင်္သေ့တွင်းထဲက ထုတ်စေသည်။ ဒံယေလမှာ လုံးဝထိခိုက်ခြင်း မရှိပါ။ ဘုရားသခင်သည် သူ့အား အန္တရာယ်ကင်းစေခဲ့သည်။



**ဆုတောင်းချက်**

ချစ်သောဘုရားသခင်၊ ကျွန်ုပ်ကိုချစ်သည့်အတွက် ကျေးဇူးတင်ပါသည်။ သခင့်ကို အားလုံးထက် ချစ်မြတ်နိုးနိုင်ရန် ကျွန်ုပ်ကို မစတော်မူပါ။ အာမင်။

**ကျက်မှတ်ရန်နှင့် ဖွေရှာရန်ကျမ်းချက်**

ဘုရားသခင်သည် ငါတို့ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။   ၁ ယောဟန် ၄း၁၉

**သင်ခန်းစာ(၁)     ပထမပညတ်တော်**

အခြားသောဘုရားကို မကိုးကွယ်နှင့်။

ကျွန်ုပ်တို့သည် မည်သူကိုမဆို၊ မည်သည့်အရာကိုမဆိုထက် ဘုရားသခင်ကို ပို၍ချစ်ရန်၊ ဘုရားသခင် အလိုတော်ရှိသည်။



ရောဂါသည်များထဲမှတစ်ယောက်တည်းသာလျှင်   ယေရှုထံပြန်၍ကျေးဇူးတော်ကိုချီးမွမ်းသည်။

ဘုရားသခင်သည် သူ့ထံဆုတောင်းရန်နှင့် လူတို့အား သူ့အကြောင်းပြောပြရန် နာမတော်ကို အသုံးပြုစေလိုသည်။ ကျွန်ုပ်တို့အား ကျေးဇူးတင်ရန်၊ ဂုဏ်တော်ချီးမွမ်းရန်၊ ဘုရားသခင်အလိုတော်ရှိသည်။ ကျွန်ုပ်တို့၏ သမ္မာကျမ်းအကြောင်းအရာတွင်၊ လူတစ်ယောက်သည် နာမတော်ကို ကောင်းသောနည်းဖြင့် အသုံးပြုသည်။ ထိုသူသည် ယေရှုအား ကျေးဇူးတင်သည်ဟု ပြောရန်သတိရသည်။

## လူတစ်ယောက်တည်းသာလျှင် ယေရှုအား ကျေးဇူးတင်သည်ဟု ပြောသည်

*လုကာ ၁၇း ၁၁ - ၁၉*

ယေရှုသည် မြို့ထဲသို့ လမ်းလျှောက်သွားစဉ် လူဆယ်ယောက် သူနှင့်တွေ့သည်။ သူတို့တွင် အလွန်ဆိုးဝါးသော နူနာရောဂါရှိသည်။ ၎င်းရောဂါသည် အလွန်ဆိုးဝါးလွန်းသောကြောင့် သူတို့၏ မိသားစုများနှင့်ပင် အတူမနေနိုင်ပဲ အခြားလူများ ရောဂါမကူးရန် အားလုံးနှင့် ဝေးကွာသောနေရာတွင် နေကြရသည်။ ထိုရောဂါသည် ဆယ်ယောက်သည် ယေရှုကိုတွေ့သောအခါ အသံကျယ်ကျယ်ဖြင့် ''ယေရှု၊ ကျွန်ုပ်တို့ကို ကယ်မပါ'' ဟု အော်ခေါ်ကြသည်။

ယေရှုက သူတို့အား ''မင်းတို့ကိုယ်ကို ယဇ်ပရောဟိတ်ထံမှာ သွားပြကြ'' ဟု မိန့်တော်မူသည်။ ယဇ်ပရောဟိတ်များသည် ရောဂါသည်များ ကျန်းမာလာသောအခါ သူတို့၏ မိသားစုများထံ ပြန်သွားနိုင်ကြောင်း ပြောနိုင်သူများဖြစ်သည်။

ထိုလူဆယ်ယောက်တို့သည် ယဇ်ပရောဟိတ်ထံသို့သွားစဉ် လမ်းတွင် ယေရှုက သူတို့အား ကုသလိုက်သည်။ သူတို့၏ ရောဂါအားလုံး ပျောက်ကင်းသွားသည်။ ယေရှုက သူတို့ကို ကျန်းမာစေသောကြောင့် သူတို့အားလုံး ပျော်ကြသည်။ သူတို့ထဲမှ တစ်ယောက်တည်းသာ ယေရှုထံသို့ ပြန်လာခဲ့သည်။ ထိုသူသည် ယေရှုရှေ့၌ မြေကြီးပေါ်တွင် ဒူးထောက်ချသည်။ သူသည် ယေရှုသူ့ကို ကုသသောကြောင့် သူမည်မျှ ပျော်ရွှင်သည်ကို ဖော်ပြရန် အသံကျယ်ကျယ်ဖြင့် ယေရှု၏ဂုဏ်တော်နှင့် ကျေးဇူးတော်ကို ချီးမွမ်းသည်။

ယေရှုက ထိုသူအား ''ငါလူဆယ်ယောက်ကို ကုသခဲ့သည်မဟုတ်လော။ အခြားလူကိုးယောက် ဘယ်မှာနည်း။ ဂုဏ်တော်ကို ချီးမွမ်းရန်နှင့် ဘုရားသခင်ကို ကျေးဇူးတင်ရန် သင်တစ်ဦးတည်း ပြန်လာသလော။ ထ၍ သင့်အိမ်ကို ပြန်လော့။ သင်ကျွန်ုပ်ကို ယုံကြည်၍ သင့်ရောဂါ ပျောက်ကင်းပြီ'' ဟု မိန့်တော်မူသည်။



**ဆုတောင်းချက်**

ချစ်သောသခင်နှင့် ကယ်တင်ရှင်၊ သခင်၏ နာမတော်ကို မကောင်းသောနည်းဖြင့် သုံးသောအချိန်တိုင်းအတွက် ခွင့်လွှတ်ရန် တောင်းခံပါသည်။ သခင်၏ နာမတော်ကို ကောင်းသောနည်းဖြင့် အသုံးပြုရန်၊ သခင်ကို ကျေးဇူးတင်ရန်၊ ဂုဏ်တော်ချီးမွမ်းရန်၊ ဆုတောင်းရန်နှင့် အခြားသူများအား သခင့်အကြောင်းပြောနိုင်ရန် မစတော်မူပါ။ အာမင်။

**ကျက်မှတ်ရန်နှင့် ဝေမျှရန်ကျမ်းချက်**

ဘုရားသခင်သည် ကောင်းမြတ်တော်မူသောကြောင့် .... ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ဆာလံ ၁၁၈း၁

***သင်ခန်းစာ(၂) ဒုတိယပညတ်တော်***

ဘုရားသခင်၏ နာမတော်ကို တိုင်တည်၍ မဟုတ်မမှန်ဘဲ ကျိန်ဆိုခြင်းကို မပြုရ။ ဘုရားသခင်သည် သူ့ထံ ဆုတောင်းရန်၊ ဂုဏ်တော်ချီးမွမ်းရန်၊ ကျေးဇူးတင်ရန်၊ အခြားသူများအား သူ့အကြောင်းပြောပြရန် နာမတော်ကို အသုံးပြုစေလိုသည်။



မာရိသည်ယေရှုပြောသမျှကို နားထောင်နေသည်။ မာသမှာမူ ချက်ပြုတ်ရန်ဝတ္တရားများဖြင့် မအားလပ်ပေ။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်မြတ်နိုးသည်ဟု ကျမ်းစာကပြောသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို သင်ယူရန်နှင့် နှုတ်ကပတ်တော်က ပြောသည့်အတိုင်း လုပ်ဆောင်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ယခုသမ္မာကျမ်းစာ အကြောင်းအရာသည် ယေရှု၏မိတ်ဆွေ မာရိအကြောင်းဖြစ်သည်။ မာရိသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်ရန် နှစ်သက်သည်။

## မာရိသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်သည်

*လုကာ ၁၀း ၃၈ - ၄၂*

တစ်နေ့တွင် ယေရှုသည် သူ၏မိတ်ဆွေများဖြစ်သော မာရိနှင့်မာသထံသို့ သွားရောက်လည်ပတ်သည်။ သူတို့သည် ယေရှုကိုမြင်၍ ဝမ်းသာကြသည်။ မာသသည် ယေရှုအတွက် အားလုံးအဆင်ပြေစေချင်သည်။ သူမသည် အရာရာ အဆင်သင့်ဖြစ်စေရန် အလျှင်အမြန် လုပ်ဆောင်လေသည်။

မာရိသည် ယေရှုအနားမှာထိုင်၍ သူမအားစကားပြောသည်ကို နားထောင်သည်။ ဤသည်ကို တရားမျှတသည်ဟု မာသကမထင်ပါ။ သူမက အားလုံးအဆင်သင့်ဖြစ်ရန် အလုပ်လုပ်ရသော်လည်း ညီမဖြစ်သူ မာရိကမူ အသာထိုင်ပြီး ယေရှုပြောသမျှကို နားထောင်သည်။ သို့ဖြစ်၍ မာသသည် ယေရှုထံသို့လာပြီး "သခင်၊ ကျွန်မ၏ညီမ မာရိက ကျွန်မတစ်ယောက်တည်း အလုပ်လုပ်စေသည်ကို ဂရုမစိုက်သလော။ ကျွန်မကိုကူညီရန် သူမအား မိန့်တော်မူပါ" ဟု ပြောသည်။

ယေရှုက "မာသ၊ မာသ၊ သင်သည် များစွာသော အမှုတို့၌ စိုးရိမ်စိတ်ရှိသော်လည်း သင်လိုအပ်သောအရာ တစ်ခုတည်းရှိ၏။ မာရိမူကား ကောင်းသောအရာကို ရွေးယူခဲ့၍ မည်သူမျှ သူ့ထံမှ မနှုတ်မယူရာ" ဟု မိန့်တော်မူ၏။ မာရိသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်ခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားထောင်ခြင်းသည် အကောင်းဆုံးလုပ်ရပ်ဖြစ်သည်။



**ဆုတောင်းချက်**

ကျွန်ုပ်တို့သည် သခင်၏ မေတ္တာတော်ကို ပို၍သိနိုင်ရန် နှုတ်ကပတ်တော်ကို ပေးသောကြောင့် ကျေးဇူးတင်ပါသည် ချစ်သောသခင်။ ကျွန်ုပ်တို့အား နှုတ်ကပတ်တော်ကို နားထောင်ရန်၊ သင်ယူရန်နှင့် နှုတ်ကပတ်တော် မိန့်တော်မူသည့် အတိုင်း လုပ်ဆောင်ရန် မစတော်မူပါ။ အာမင်။

**ကျက်မှတ်ရန်နှင့် ဝေမျှရန်ကျမ်းချက်**

"ငါတို့သည် ထာဝရဘုရား၏ အိမ်တော်သို့ သွားကြကုန်အံ့" ဟု တစ်ပါးသူတို့ ပြောကြသောအခါ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ ဆာလံ ၁၂၂း၁

" ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကိုနာ၍ ကျင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်။" လုကာ ၁၁း၂၈

**သင်ခန်းစာ(၃)** ***တတိယပညတ်တော်***

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာ၍ သင်ယူပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှုတ်ကပတ်တော်ကို နားထောင်ရန်၊ သင်ယူရန်၊ ယုံကြည်ရန်နှင့် နှုတ်ကပတ်တော် မိန့်တော်မူသည့်အတိုင်း လုပ်ဆောင်ရန် အလိုတော်ရှိသည်။



မိခင်မာရိနှင့်  ဖခင်ယောသပ်ရှေ့တွင်  ယေရှုတံမြက်စည်းလှည်းနေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အားဂရုစိုက်သော မိဘများနှင့် မိတ်ဆွေများအား ပေးခဲ့သည်။ သူတို့စကားကို နားထောင်ရန်နှင့် မေတ္တာထားရန် ဘုရားသခင် အလိုတော်ရှိသည်။ ယခုသမ္မာကျမ်းစာတွင် ယေရှုဤလောကတွင်ရှိစဉ်က သူ၏မိဘများစကားကို မည်သို့နားထောင်သည်ကို ကျွန်ုပ်တို့သင်ယူရသည်။

## ယေရှုသည် မာရိနှင့် ယောသပ်၏ စကားကိုနားထောင်သည်

*လုကာ ၂း ၄၁ - ၅၂*

နှစ်စဉ် မာရိနှင့်ယောသပ်သည် ယေရုရှလင်မြို့တော်တွင်ရှိသော ဗိမာန်တော်ကြီးသို့ သွားကြသည်။ ယေရှုသည် ၁၂ နှစ်အရွယ်သို့ ရောက်သောအခါ လိုက်ပါသွားရ၏။ ထိုအချိန်အခါက မော်တော်ကား၊ လေယာဉ်ပျံများ မရှိသောကြောင့် မာရိ၊ ယောသပ်နှင့် ယေရှုသည် လမ်းလျှောက်ကြရသည်။ သူတို့၏ မိတ်ဆွေများစွာလည်း ဗိမာန်တော်သို့ လမ်းလျှောက်သွားကြသည်။ ယေရုရှလင်မြို့သည် အလွန်ဝေးသည်။ ယေရုရှလင်မြို့သို့ ရောက်သောအခါ၊ သူတို့သည် ဗိမာန်တော်သို့သွား၍ အတူတကွ ဘုရားဝတ်ပြုကြသည်။

အိမ်ပြန်ဖို့ အချိန်တန်သောအခါ အားလုံးအတူတကွ ပြန်လည်ထွက်ခွာကြသည်။ မာရိနှင့် ယောသပ်က ယေရှုသည် သူ၏ သူငယ်ချင်းများနှင့်အတူ လျှောက်လာသည်ဟု ထင်ကြသည်။ သို့သော် ယေရှုသည် ယေရုရှလင်မြို့တွင် နေရစ်ခဲ့သည်။ လူအများအပြားပင် တစ်နေ့လုံးလမ်းလျှောက်သွားကြသည်။ လမ်းခုလတ်ရောက်သော် မာရိနှင့် ယောသပ်တို့သည် ယေရှုကိုရှာကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများအားလုံးကို မေးသော်လည်း မည်သူမျှ ယေရှုကိုမတွေ့ကြပါ။ မာရိနှင့် ယောသပ်တို့ စိတ်ပူကြသည်။ သူတို့သည် ယေရှုကိုရှာရန် ယေရုရှလင်မြို့သို့ အမြန်ပြန်သွားကြသည်။

သုံးရက်ကြာပြီးနောက် မာရိနှင့် ယောသပ်တို့ ယေရှုကို ရှာတွေ့ကြသည်။ သူသည် ဗိမာန်တော်တွင် ရှိနေသည်။ ယေရှုသည် ကျမ်းစာသင်ဆရာများစကားကို နားထောင်နေပြီး၊ ဘုရားသခင်အကြောင်းကို သူကပြောပြနေသည်။ ယေရှုသည် ဘုရားသခင်နှင့် ကျမ်းစာအကြောင်း အလွန်သိသည်ကို လူတိုင်းက အံ့သြကြသည်။

မာရိနှင့် ယောသပ်သည် ယေရှုကိုတွေ့ကြသောအခါ မာရိက ''ချစ်သား၊ အဘယ့်ကြောင့် ဤသို့လုပ်ရသနည်း။ အဖေနဲ့ အမေ သင့်ကိုလိုက်ရှာနေသည်။ သင့်အတွက် အလွန်အမင်း စိတ်ပူကြရသည်'' ဟုပြောသည်။

ယေရှုက ''ကျွန်ုပ်ကို အဘယ့်ကြောင့် ရှာရသနည်း။ အဖ၏အိမ်တော်တွင် ကျွန်ုပ်ရှိရမည်ကို မသိသလော'' ဟု ဖြေလေသည်။ ယေရှုသည် သူ၏အဖ ဘုရားသခင်အကြောင်း ပြောခြင်းဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ ဘုရားသခင်၏ အိမ်သည် ဘုရားရှိခိုးကျောင်းပင်ဖြစ်သည်။

ထို့နောက် ယေရှုသည် မာရိနှင့် ယောသပ်တို့နှင့်အတူ အိမ်သို့ပြန်လေသည်။ ယေရှုသည် မာရိနှင့် ယောသပ်၏ စကားကို''နာခံ''သည်ဟု ကျမ်းစာကပြောသည်။ ဆိုလိုသည်မှာ ယေရှုသည် သူ၏မိခင်နှင့် လောကသခင် လုပ်ခိုင်းသည့်အတိုင်း အမြဲလုပ်ဆောင်သည်။



**ဆုတောင်းချက်**

ချစ်သောသခင်၊ ကျွန်ုပ်သည် အဖေနှင့်အမေကို ကြင်နာရန်၊ ချစ်ရန်၊ ကူညီနိုင်ရန် မစတော်မူပါ။ ကျွန်ုပ်ကို ကယ်တင်သောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

**ကျက်မှတ်ရန်နှင့် ဝေမျှရန်ကျမ်းချက်**

သားသမီးတို့၊ ဘုရားသခင်၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ ဧဖက် ၆း၁

**သင်ခန်းစာ(၄) စာစုအတွက်အတော်**

ကျွန်ုပ်တို့သည် မိဘစကားကို နားထောင်ရမည်။ ကျွန်ုပ်တို့ကို ဂရုစိုက်သူများ၏ စကားကို နားထောင်ရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိဘနှင့် မိမိကိုဂရုစိုက်သော အခြားသူများအား ချစ်ရန်၊ ကူညီရန် အလိုတော်ရှိသည်။